MTSH Myanmar Thilawa SEZ Holdings Public Limited

Rooftop Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar.

# ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ် အလုပ်မှ နုတ်ထွက်ကြောင်းအသိပေးခြင်း

ရက်စွဲ။ ။၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်

မြန်မာသီလဝါ အက်(စ်) အီးဇက် ဟိုး (လ်) ဒင်း (စ်) ပက်ဘလစ် လီမိတက်၏ ဒါရိုက်တာ အဖွဲ့မှ ရင်းနှီးမြှုပ်နှံသူအစုရှယ်ယာရှင်များကို ဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ် Mr. Wui Hua Tan သည် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့အထိသာ ကုမ္ပဏီ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်မည်ဖြစ်ကြောင်း အသိပေးလိုပါသည်။ Mr. Tan အနေဖြင့် အလုပ်မှ နုတ်ထွက်ရခြင်းမှာ ၎င်းအနေဖြင့် ၎င်းအတွက်ပိုမို သင့်လျော်မည့် အခွင့်အလမ်းများနှင့် ကိုယ်ရေးကိုယ်တာကိစ္စများကို ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့အနေဖြင့် Mr. Tan တာဝန်ယူ ဆောင်ရွက်စဉ်ကာလအတွင်း ကုမ္ပဏီအတွက် ဆောင်ရွက်ခဲ့သည်များကို အထူးအသိအမှတ်ပြု ကျေးဇူးတင်ရှိပါသည်။

ဒါရိုက်တာအဖွဲ့အနေဖြင့် Mr. Tan နှင့်ဆွေးနွေးမေးမြန်းချက်များအရ ၎င်းအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ်ရာထူးမှ နုတ်ထွက်ခြင်းမှာ အခြားကြီးမားသောအကြောင်းအရာများ မရှိဟုအသိပေးအပ်ပါသည်။

သို့ဖြစ်၍ Mr. Tan အနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ အရာရှိချုပ်ရာထူးမှ နုတ်ထွက်ခြင်း အတွက် ကုမ္ပဏီ၏ဘဏ္ဍာရေးရှင်းတမ်းများဆိုင်ရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ အခက်အခဲ တစ်စုံတစ်ရာရှိမည် မဟုတ်သကဲ့သို့ ဒါရိုက်တာအဖွဲ့နှင့် Mr. Tan အကြား ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များတင်ပြခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာအခက်အခဲနှင့် နားလည်မှုလွဲမှားခြင်း များမရှိပါ။

ကုမ္ပဏီအနေဖြင့် Mr. Tan နေရာတွင်ဆက်ခံမည့်သူအား ရှာဖွေလျက်ရှိပြီး၊ သင့်လျော်သည့်သူအား ခန့်အပ်ပြီးပါက ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ပါသည်။ ကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့် စာရင်းအင်းဌာနအနေဖြင့် Interim Management Committee ၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီ၏ နေ့စဉ်လုပ်ငန်းများကို အခက်အခဲတစ်စုံတစ်ရာ မရှိစေရန် အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အောင်စိုးသာ

ဒါရိုက်တာအဖွဲ့ဝင်

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပက်ဘလစ် လီမိတက်